## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အားအာရှနှင့်ပစိဖိတ်ဒေသအမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏အဖွဲ့ဝင်အဖြစ်လက်ခံလိုက်ကြောင်းသတင်းထုတ်ပြန်ချက်

## သတင်းထုတ်ပြန်ချက် (၇/၂၀၁၂)

၁။ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် လုပ်ငန်းဆိုင်ရာ အစည်းအဝေးက မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အား အာရှနှင့် ပစိဖိတ်ဒေသ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်၏ တွဲဖက်အဖွဲ့ဝင်အဖြစ် လက်ခံလိုက်သည်။ အဆိုပါ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် လုပ်ငန်း ဆိုင်ရာ အစည်းအဝေးကို ဂျော်ဒန်နိုင်ငံ၊ အမ်မန်မြို့တွင် ၂၀၁၂ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်မှ ၇ ရက်အထိ ကျင်းပခဲ့သည့် လူ့အခွင့်အရေး မြှင့်တင်ရေး နှင့် ကာကွယ်ရေးဆိုင်ရာ အမျိုးသား အဖွဲ့အစည်းများ နိုင်ငံတကာညှိနှိုင်းရေးကော်မတီ(ICC)၏ (၁၁)ကြိမ်မြောက် နိုင်ငံတကာညီလာခံ ကာလအတွင်း ကျင်းပခဲ့ခြင်းဖြစ်သည်။

၂။ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံးနှင့် ICC ၏ လက်ရှိ ဥက္ကဋ္ဌတာဝန်ယူထားသည့် ဂျော်ဒန်နိုင်ငံ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းတို့၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်ပြီး စုစုပေါင်းအဖွဲ့ဝင်(၃)ဦးပါ ကိုယ်စားလှယ် အဖွဲ့သည် ICC ၏ (၁၁)ကြိမ်မြောက် နိုင်ငံတကာညီလာခံသို့တက်ရောက်ခဲ့သည်။ အဆိုပါ ညီလာခံတွင် ဆွေးနွေးရန် သတ်မှတ်ထားသည့်ဘာသာရပ်မှာ "အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ လူ့အခွင့်အရေးနှင့် ကျား-မ တန်းတူရည်တူရှိရေးတို့အတွက် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ"ဖြစ်သည်။ အမျိုးသမီးများအား ခွဲခြားဆက်ဆံမှုပပျောက်ရေးနှင့် ကျား-မတန်းတူရည်တူရှိရေးတို့အတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးရေး ရည်မှန်း၍ နိုင်ငံတကာအဆင့်အတန်းနှင့်အညီ အမျိုးသမီး အခွင့်အရေးများကို ဆောင်ရွက်ရာတွင် လက်ရှိ ကြုံတွေ့ရသောအခြေအနေများ၊ စိန်ခေါ်မှုများနှင့် တိုးတက်အောင်မြင်မှုများကို ဆွေးနွေးခဲ့ကြသည်။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ လူ့အခွင့်အရေး နှင့် ကျား-မတန်းတူရည်တူရှိမှု မြှင့်တင်ရေးတို့နှင့် စပ်လျဉ်း၍ ICC၏ (၁၁) ကြိမ်မြောက် နိုင်ငံတကာညီလာခံက အမ်မန်ကြေညာချက်နှင့် ရှေ့လုပ်ငန်းစဉ်ကို ချမှတ်ခဲ့သည်။

၃။ အာဖရိက၊ အမေရိက၊ အာရှ-ပစိဖိတ်နှင့် ဥရောပတို့မှ ဒေသဆိုင်ရာ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများသည် ညီလာခံကျင်းပစဉ်ကာလအတွင်း ၂၀၁၂ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့တွင် မိမိတို့ ဒေသဆိုင်ရာအဖွဲ့အစည်း အစည်းအဝေးအသီးသီးကို ကျင်းပခဲ့သည်။

၄။ ၂၀၁၂ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့တွင် ကျင်းပသော အာရှ-ပစိဖိတ်ဖိုရမ် အစည်းအဝေးက မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အား တွဲဖက် အဖွဲ့ဝင်အဖြစ်လက်ခံခြင်းမှာ မြန်မာ နိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် ICC သို့ အဖွဲ့ဝင်အဖြစ် လျှောက်ထားခြင်း မပြုမီ ကာလအတွက် ဖြစ်သည်။ အာရှ-ပစိဖိတ်ဖိုရမ်အဖွဲ့၏ လုပ်ထုံးလုပ်နည်းအရ အမျိုးသား လူ့အခွင့် အရေး ကော်မရှင်တစ်ရပ်အနေဖြင့် ICC အဖွဲ့ဝင်အဖြစ် သတ်မှတ်ခြင်းမခံရသေးပါက အာရှ-ပစိဖိတ်ဖိုရမ်၏ တွဲဖက်အဖွဲ့ဝင် အဖြစ်သာလျှင် လျှောက်ထားနိုင်ခြင်းကြောင့်ဖြစ်သည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ICC အဖွဲ့ဝင်အဖြစ် လျှောက်ထား ဆောင်ရွက်ရန်ရှိ ပါမည်။

၅။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၂ခုနှစ်၊ နိုဝင် ဘာလ ၈ ရက်နေ့တွင် စီးပွားရေးလုပ်ငန်းနှင့် လူ့အခွင့်အရေးဘာသာရပ်ဆိုင်ရာ ICC လုပ်ငန်း အဖွဲ့က ကမကထပြု၍ ညီလာခံအပြီး၌ကျင်းပသော စီးပွားရေးလုပ်ငန်း၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာ အစည်းအဝေးသို့လည်း ပါဝင်တက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်